ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်

Yangon Protestant Reformed Church

တနင်္ဂနွေစာစောင်

နေ့စွဲ - ၁၇. ၁. ၁၀

## ဘုရားသခင်၏ပဋိညာဉ်အားအိမ်ထောင်စုထဲတွင်စောင့်ရှောက်ခြင်း
(Keeping God's Covenant in the Home, Prof. Herman Hanko)

ကျမ်းစာဖတ်ခြင်း - ဆာလံ ၁၂၇

အိမ်ထောင်ရေးမှာ သစ္စာရှိခြင်းဟာ အရေးကြီးဆုံးဖြစ်ပါတယ်။ ဒါ့ကြောင့် လက်ထပ်စဉ်အခါ၊ ဘုရားရှေ့မှာ ဝန်ခံခြင်းနဲ့ ပြောခဲ့တာဖြစ်ပါတယ်။ တချို့က အဲဒီလို ဝန်ခံချက် မလုပ်ချင်ကြတော့ပါဘူး။ ဒါပေမဲ့ ဝန်ခံချက်ပြုသည်ဖြစ်စေ၊ မပြုဘဲ အိမ်ထောင်ပြုသည်ဖြစ်စေ၊ ဘုရားသခင့်ရှေ့မှာတော့ ဝန်ခံချက်ပြုတာနဲ့ အတူတူပါဘဲ။

ပဋိညာဉ်တရားကို အိမ်ထောင်စုမှာ လက်တွေ့ကျင့်သုံးရပုံကို ပို့ချရတာ မလွယ်ပါဘူး။ တချို့ကပြောမယ်၊ ဘယ့်နှယ်အဲဒီလိုဖြစ်နိုင်ရမှာလဲလို့? ခင်ဗျားမှာ သားသမီး(၈)ယောက်တောင်ရှိတယ်။ အတွေ့အကြုံလဲ အင်မတန် များတဲ့လူဖြစ်တယ်။ ဒါပေမဲ့ ကျွန်တော့်အတွေ့အကြုံတွေရဲ့တစိတ်တပိုင်းဟာ ဒီလိုဖြစ်ပါတယ်။ ကိုယ်ပိုင်သားသမီး မရှိတဲ့လူတွေဟာ ကလေးတွေကို ကြီးပြင်းလာအောင် ထိန်းကျောင်းကြတဲ့နေရာမှာ၊ အိမ်ထောင်စုတည်ထောင်ကြတဲ့နေရာမှာ အတော်ဆုံးဖြစ်ကြပြီးတော့၊ ကိုယ်ပိုင်ကလေးရှိကြသူတွေကတော့ ကလေးတွေထိန်းကြတဲ့နေရာမှာ အမြဲတမ်းရုန်းကန်နေတတ်ကြတာကိုပါဘဲ။

ကျွန်တော် ဝမ်းအသာရဆုံးကတော့ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်(ကျမ်းစာ) ကျွန်တော်တို့မှာ ရှိနေတာဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ အိမ်ထောင်စုကို ပဋိညာဉ်အိမ်ထောင်စုဖြစ်လာဖို့ ထိန်းကြတဲ့နေရာမှာ၊ ဘာတွေလုပ်ရမယ်ဆိုတဲ့ စံနှုန်းဥပဒေသတွေကို ဩဇာအပြည့်နဲ့ ကျမ်းစာက ပြောပြနေပါတယ်။ အဲဒီကျမ်းစာကိုနားထောင်ပြီး၊ ပြောတဲ့အတိုင်းလုပ်မယ်ဆိုရင် ကောင်းချီးအပြည့်ရကြမှာဖြစ်တယ်။

ပဋိညာဉ်အိမ်ထောင်ဆိုတာ ဘာလဲ? ဆိုတဲ့အဖြေအတွက် ကျမ်းစာထဲမှာ အကြောင်းအရာတွေ အပြည့် ဒုနဲ့ဒေးနဲ့ရှိနေပါတယ်။ အိမ်ထောင်စုတခု နေ့တိုင်း လက်တွေ့အသက်ရှင်ရာမှာ ကျင့်သုံးရမဲ့ ဥပဒေသတွေ ကျမ်းစာမှာ အများကြီးရှိပါတယ်။ တချို့ကိုဘဲ ဒီနေရာမှာ တင်ပြနိုင်ပါမယ်။ အရေးကြီးဆုံး ဥပဒေသတွေကိုဘဲ ခင်ဗျားတို့ဆီမှာ ပြောပြပါမယ်။

ကျွန်တော်သတိထားမိပါတယ်၊ ခင်ဗျားတို့အားလုံးမှာ သားသမီးတွေမရှိကြပါဘူး။ တချို့အတွက်တော့၊ သားသမီးတွေအရွယ်ရောက်ပြီး၊ အိမ်ထောင်ကျကုန်ကြလို့ သားသမီးတွေကို ပြုစုထိန်းသိမ်းခြင်း တာဝန်တွေ မရှိတော့တာဖြစ်မယ်။ ခင်ဗျားမှာ အဲဒီလို တာဝန်မရှိတော့ဘူးလို့ထင်နေတာကို ကျွန်တော်တခုသတိပေးပါမယ်။ ကျွန်တော်လဲ တချိန်ကအဲဒီလိုထင်ခဲ့ပါတယ်။ ငါ့သားသမီးတွေ အိမ်ထောင်ကျကုန်ပြီးရင်တော့၊ သားသမီးထိန်းရတဲ့တာဝန်တွေ ကုန်ပြီပေါ့။ ဒါပေမဲ့ ထင်သလို ဖြစ်မလာပါဘူး။ တာဝန်က ပိုတောင် ကြီးလာသလို ထင်ရပါတယ်။ ပဋိညာဉ်မိဘတွေဟာ မိမိတို့သားသမီးတွေအပေါ်မှာ တာဝန်ရှိကြောင်း လစ်လျူရှုလို့ မရသလို၊ မိမိတို့ မြေးတွေကိုလဲ ပစ်ထားဖို့ မဖြစ်နိုင်ဘူးဆိုတာ သိနေလို့ပါဘဲ။ ခင်ဗျား အသက်သာ ဆက်ရှည်မယ်ဆိုရင်၊ မြေးတင်မကတော့ဘူး၊ မြစ်တွေအတွက်ပါ တာဝန်ရှိလာမှာဖြစ်တယ်။ ဒါ့ကြောင့် ကလေးတွေ အိမ်ထောင်ကျပြီးရင်၊ တာဝန် ပိုပေါ့လာမယ့်အစား၊ ပိုလို့တောင် ကြီးလာပါတယ်။ ခင်ဗျားဟာ အခြေအနေကပေးရင် ကိုယ့်သားသမီးတွေ၊ မြေးတွေရဲ့အိမ်ထောင်များကို ပဋိညာဉ်အိမ်ထောင်များဖြစ်လာဖို့ကို ဆက်ပြီးတော့ ကူညီပေးရမှာဖြစ်တယ်။ အဲဒါကို ကိုယ့်တာဝန်လို့ ဆက်ယူရမှာဖြစ်တယ်။

ခင်ဗျားတို့ထဲက တချို့ကတော့ အိမ်ထောင်မကျကြသေးဘူး။ ဒါ့ကြောင့် ကျွန်တော့် ပို့ချချက်ဟာ ခင်ဗျားတို့အတွက် အရမ်းကို အကျိုးရှိမှာဖြစ်တယ်။ ခင်ဗျား အိမ်ထောင်ပြုတော့မယ်လို့ တွေးရင်၊ ပထမဆုံး ကျမ်းစာက ပဋိညာဉ်အိမ်ထောင်နဲ့ပတ်သက်လို့ ဘာတွေပြောပါသလဲဆိုတာကို လေးလေးနက်နက် စဉ်းစားရမှာဖြစ်တယ်။

ဘုရားသခင်ဟာ အိမ်ထောင်ကို ဖန်ဆင်းခြင်းရဲ့ အခြေခံအကျဆုံး အဖွဲ့အစည်းအဖြစ် တည်ထောင်တော်မူခဲ့တာဖြစ်တယ်။ ဖန်ဆင်းခြင်းနဲ့အတူ တည်ထောင်တော်မူတယ်။ ဧဝကို အာဒံ ထံ ခေါ်လာချိန်မှာ ဘုရားသခင်က တည်ထောင်တော်မူတယ်။ အိမ်ထောင်ကို တည်တော်မူချိန်မှာ ဘုရားသခင်က ဒီလိုမှာခဲ့ပါတယ် "အမြောက်အများသီးပွင့်ကြပါ။ ပွားများကြပါ၊ တကမ္ဘာလုံးကို ပြည့်ကြပါ" (ကမ္ဘာ ၁း၂၈)။ အဲဒီ အမိန့်တော်ရဲ့ စကားလုံးတွေက အိမ်ထောင်ကို တည်ဆောက်တာဖြစ်တယ်။

ဖန်ဆင်းချိန်မှာ ဘုရားသခင်တည်ထောင်တဲ့ တခုတည်းသောအဖွဲ့အစည်းဟာ အိမ်ထောင်ဘဲဆိုတာ ခင်ဗျား သတိထားမိမှာပါ။ ဘုရားသခင်ဟာ မိသားစုဆိုတဲ့ အဖွဲ့အစည်းတခုတည်းကိုဘဲ တည်ထောင်ခဲ့ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့၊ ဒီနေ့ချိန်မှာ ကျွန်တော်တို့နဲ့ အရမ်းကို ရင်းနှီးကြတဲ့ ကျန်အဖွဲ့အစည်းတွေဟာ မိသားစုကို ဆက်နွယ်လျှက် ဖြစ်ပေါ်လာကြမှာ ဖြစ်လို့ပါဘဲ။ ဘယ်အဖွဲ့အစည်းကိုဘဲ ခင်ဗျားပြောပြော ဘာမှ မထူးပါဘူး၊ အားလုံး မိသားစုကနေ ထွက်ပေါ်လာကြတာချည်းပါဘဲ။ အစိုးရဆိုတဲ့အဖွဲ့အစည်းလား၊ အလုပ်ဌာနဆိုတဲ့အဖွဲ့အစည်းလား(အရောင်းအဝယ်ဈေးကွက်)၊ ကျောင်းဆိုတဲ့အဖွဲ့အစည်းလား၊ နောက်ဆုံး အသင်းတော်ဆိုတဲ့ အဖွဲ့အစည်းလား လူ့သမိုင်းမှာရှိတဲ့ အဖွဲ့အစည်းမှန်သမျှဟာ မိသားစုကို ချဲ့ထားတာတွေဖြစ်ပါတယ်။ အာလုံးရဲ့အခြေခံ၊ မူလအရင်းအမြစ်ဟာ မိသားစုဘဲဖြစ်ပါတယ်။ သူတို့ရဲ့ဖြစ်တည်မှုအသက်ကို မိသားစုကနေ ရကြတာဖြစ်တယ်။ အဲဒီအဖွဲ့အစည်း ပုံစံအားလုံးဟာ သူတို့ရဲ့ ဝိညာဉ်ရေးရာ၊ ကိုယ်ကျင့်တရားရေးရာ ဂုဏ်လက္ခဏာများကို မိသားစုရဲ့ ဝိညာဉ်ရေးရာ၊ ကိုယ်ကျင့်တရားရေးရာကနေ ရကြတာဖြစ်ပါတယ်။ ဆိုလိုတာကတော့ ဒီနေ့ခေတ် လူမှုဘဝအဖွဲ့အစည်းအားလုံးမှာ ဗရမ်းဗတာဖြစ်မှုတွေကို တွေ့နေကြရတယ်၊ အဲဒီလို စည်းမဲ့ကမ်းမဲ့ ဖြစ်မှုတွေအားလုံးရဲ့ မူလအစဖြစ်ပေါ်လာရာဟာ မိသားစုဘဲဖြစ်တယ်။ ဒီနေ့ခေတ် မိသားစုတွေကိုယ်၌က ဗရမ်းဗတာ၊ စည်းမဲ့ကမ်းမဲ့ဖြစ်နေတော့၊ အားလုံးကို ကူးကုန်တာပေ့ါ။

ကျွန်တော်တို့ အမေရိကန်တိုင်းပြည်ရဲ့ လုပ်ရပ်တခုကို ကျွန်တော်အတော်လေးရီချင်ပါတယ်၊ တချိန်ထဲမှာ ဝမ်းလဲနည်းမိပါတယ်။ အဲဒါကတော့ အိမ်ဖြူတော်မှာ ဘယ်သူသမ္မတဖြစ်ဖြစ်၊ နှစ်တိုင်းဘဲ ပညာရှင်တစုကို ကျောင်းတွေ၊ ဖြစ်သင့်တဲ့အတိုင်း ဘာလို့မဖြစ်ရတာလဲလို့ စုံးစမ်းစစ်ဆေးလေ့ရှိတာကို ဖြစ်တယ်။ ကလေးတွေ အများအားဖြင့် ကောင်းမွန်တဲ့ပညာရေးကို မရကြဘူး၊ ဒါ့ကြောင့် ကောလိပ်ကျောင်းက ဘွဲ့ရသူတွေတောင် တချို့စာမဖတ်တတ်ကြဘူး။ အဲဒီ ကော်မတီဝင်တွေဟာ အင်မတန်ဩဇာရှိသူတွေဖြစ်တယ်၊ နာမည်ကြီး တက္ကသိုလ်ကြီးတွေက ပရော်ဖက်ဆာကြီးတွေဖြစ်တယ်။ အဲဒီလိုလေ့လာဖို့ သန်းပေါင်းမြောက်များစွာသော ငွေတွေကို သုံးနေကြတယ်။ နှစ်စဉ်နှစ်တိုင်း ထက်ခါထပ်ခါ လေ့လာနေကြတယ်။ အင်မတန် ပညာရှင်ဆန်တဲ့ တင်ပြချက်တွေကို တင်ပြကြပြီး၊ ဘာကြောင့် ကျောင်းတွေ မကောင်းနိုင်ရတာလဲ ဆိုတဲ့ အချက်တွေကို ထုတ်ဖေါ်ကြတယ်။ ဘယ်လိုလုပ်ရင် ကျောင်းတွေ အခုထက်ပိုကောင်းလာမယ် ဆိုတာကိုလဲ တင်ပြကြတယ်။ ပုံမှန်အားဖြင့် ဒီလိုတင်ပြချက်တွေဟာ၊ အစိုးရက ကျောင်းအတွက် အခုထက်ပိုပြီး၊ ဘဏ္ဍာငွေ သုံးဆွဲသင့်တယ်လို့ အဆုံးသတ်လေ့ရှိပါတယ်။ ငွေကပြသနာကို ဖြေရှင်းနိုင်တယ်ပေ့ါ။ ခရစ်ယာန်တွေက ပိုသိပါတယ်။ ဒါပေမဲ့ အဲဒီပညာရှင်ဆိုသူတွေက ခရစ်ယာန်တွေကို ဘယ်တော့မှ အကြံတောင်းလေ့ မရှိပါဘူး။

ကျောင်းတွေရဲ့ပြသနာဟာ ရိုးရိုးလေးပြောရရင် အိမ်ကစပါတယ်။ အိမ်ထောင်စုတွေဟာ ဗရမ်းဗတာ ဖြစ်နေကြတယ်။ ကိုယ်ကျင့်တရား အင်မတန် ပျက်နေကြတယ်။ အိမ်ထောင်ကွဲလိုက် နောက်အိမ်ထောင်ပြန်ပြုလိုက်နဲ့ ဖြစ်ချင်တိုင်း ဖြစ်နေကြတယ်။ လိင်တူဆက်ဆံသူတွေ တိုင်းပြည်မှာ ပိုများလာတယ်။ အစိုးရကလည်း ရပါတယ်လို့ ပြောနေတယ်။ အိမ်ထောင်စုအတော်များများမှာ ကလေးတွေဟာ သော့ကိုင်ပြီး ကျောင်းတက်နေကြတယ်။ အိမ်မှာ သူတို့ကို ထိန်းမဲ့လူ မရှိဘူး။ အဖေကောအမေကော အလုပ်လုပ်နေကြတယ်။ ကျောင်းသွားကျောင်းပြန် သူတို့ဘာသာ လုပ်နေရတယ်။ တချို့ကျတော့ အမေတယောက်ထဲရှိတယ်၊ အိမ်ထောင်ကွဲနေတယ်၊ အဲဒီလို အိမ်ထောင်ကွဲ မိသားစုတွေကြောင့် ကလေးတွေရဲ့ကိုယ်ကျင့်တရား ပိုပြီး နိမ့်ကျလာတယ်။

ဘယ်လိုလူ့အဖွဲ့အစည်းမဆို၊ မိသားစုနဲ့လွတ်တာမရှိဘူး၊ မိသားစုကနေ ပေါက်ဖွားလာကြတာချည်းဘဲ၊ ဒါ့ကြောင့် လူမှုဘဝထဲက ဆိုးညစ်ခြင်းတွေကို ပြင်ဖို့ဆိုရင် အိမ်ထောင်တွေကို ကျမ်းစာဥပဒေသတွေအတိုင်း ပြန်မပြင်မချင်း ပြင်လို့ရမှာမဟုတ်ဘူး။ ဒါပေမဲ့ အဲဒီလို ကျမ်းစာအတိုင်း အိမ်ထောင်စုတွေကို ပြန်ပြင်ခြင်းဟာ ဒီကမ္ဘာပေါ်မှာ ဘယ်တော့မှ မဖြစ်နိုင်တဲ့ ကိစ္စတခု ဖြစ်နေပြန်တယ်။ ကျွန်တော် ရဲရဲကြီးအာမခံတယ်၊ ဘယ်တော့မှဖြစ်မှာမဟုတ်ဘူး။ ဒါကြောင့် ဖြစ်လာမဲ့ပြသနာတွေကို ရင်ဆိုင်ဖို့ ကျွန်တော်တို့ အသင့်

ပြင်ထားရပါမယ်။ ကျမ်းစာအတိုင်းရပ်တည်ပါတယ်ဆိုတဲ့ အသင်းတော်တွေကတောင် အိမ်ထောင်ကွဲလို့ရတယ်၊ နောက်တခေါက် တခြားလူနဲ့ ပြန်လက်ထပ်လို့ရတယ်လို့ ပြောနေကြတာ၊ အိမ်ထောင်တွေအားလုံးကို ကျမ်းစာအတိုင်း ခိုင်မာစွာပြန်တည်ထောင်မယ်ဆိုတာ ဖြစ်ကို မဖြစ်နိုင်တော့ပါဘူး။

ဆိုလိုနေတာကတော့၊ ကျွန်တော်တို့ခရစ်ယာန်တွေ၊ မိမိတို့အိမ်ထောင်ကိုသာ ခိုင်မာစွာတည်ထောင်နိုင်တယ်လို့ပြောချင်တာဖြစ်တယ်။ ပတ်ဝန်းကျင်ရဲ့ ပျက်ဆီးခြင်းတွေ လွှမ်းမိုးမှုမရှိတဲ့ ခရစ်ယာန်အိမ်ထောင်ကို တည်ဆောက်ရမယ်။ အဲဒီလိုတည်ဆောက်တဲ့အခါ၊ ခရစ်ယာန်အိမ်ထောင်ဆိုတာ သက်သေခံကောင်းတခု ဖြစ်တယ်၊ အပြစ်ဒုစရိုက်မှုတွေနဲ့ပြည့်နေတဲ့၊ မှောင်မိုက်နေတဲ့ကမ္ဘာကြီးထဲမှာ အလင်းပြနေတယ် ဆိုတဲ့အကြောင်းတခုအတွက်သာ ဆောက်တာမဟုတ်ဘူး၊ အသင်းတော်အတွက်နဲ့ သခင်ခရစ်တော်ရဲ့ အမှုတော်ထမ်းဆောင်ခြင်းအတွက် တည်ဆောက်တာဖြစ်ပါတယ်။

လူမှုဘဝကြီးအတွက် မှန်နေတဲ့အချက်တွေဟာ ယေဘုယျအားဖြင့် အသင်းတော်အတွက်လဲ မှန်ပါတယ်။ အိမ်ထောင်စုတွေ အခြေအနေဆိုးလာရင်၊ ကိုယ်ကျင့်တရားပျက်ပြားတဲ့နေရာတွေဖြစ်နေရင် အသင်းတော်ဟာ သူ့ရဲ့ခွန်အားတွေကို ဆုံးရှုံးတော့တာပါဘဲ။ ဒါကြောင့် ပင့်ရှိညာဉ်အိမ်ထောင် တည်ဆောက်ရာမှာ ဘာတွေ လိုအပ်သလဲ ဆိုတာကို အခုလို ဆွေးနွေးတာ သိပ်အကျိုးရှိပါတယ်။

ပထမအနေနဲ့၊ ခရစ်ယာန်မိသားစုဆိုတာ ဘုရားသခင်ရဲ့ပင့်ရှိညာဉ်ကိုပြသတဲ့ ပန်ချီကားတချပ်ဖြစ်ပါတယ်။ ဒါကြောင့် အိမ်ထောင်စုမှာ ပင့်ရှိညာဉ်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုတာ အတော်ကိုက်ညီတဲ့ ခေါင်းစဉ်ပါဘဲ။ ဘုရားသခင်ဟာ လက်ထပ်ထိမ်းမြားခြင်းကိုသာ သူ့ပင့်ရှိညာဉ်ရဲ့ ပန်းချီကားတချပ်အနေနဲ့ တည်ထောင်ခဲ့တာမဟုတ်ပါဘူး၊ မိသားစု၊ အိမ်ထောင်စုကိုလဲဘဲ သူ့ပင့်ရှိညာဉ်ကိုဖေါ်ပြတဲ့ ပန်းချီကားတချပ်အနေနဲ့ တည်ထောင်တော်မူခဲ့ပါတယ်။

မိသားစုဆိုတာ ဘုရားသခင်ရဲ့ပင့်ရှိညာဉ်ဖြစ်ပါတယ်၊ ဘာကြောင့်လဲဆိုတော့၊ ပထမအနေနဲ့ မိသားစုရဲ့ ဗဟိုဟာ လင်နဲ့မယား-ယုံကြည်သောလင်ယောကျာ်းနဲ့ယုံကြည်သောဇနီးမယား-ဖြစ်လို့ပါဘဲ။သူတို့နှစ်ယောက်ဟာလင်မယားဖြစ်ယုံမကပါဘူး၊ သခင်ခရစ်တော်၌ မောင်နှမအရင်းခေါက်ခေါက်တွေလဲ ဖြစ်ကြပါတယ်။ လွန်ခဲ့တဲ့ နှစ်(၅၀)လောက်ကအဖြစ်အပျက်ကို ဒီနေ့အထိ ကျွန်တော်မေ့မရပါဘူး။ ကျွန်တော်နဲ့ကျွန်တော့်ဇနီးတို့ဟာ အဲဒီတုန်းက လက်ထပ်ခဲ့ကြပါတယ်၊ အဲဒီလက်ထပ်ခြင်းအခန်းအနားဟာ ကျွန်တော့်ပရောဖက်ဆာသိက္ခာတော်ရဆရာ ဂျော့(ချ်)ဩဖော့(ဖ်)ရဲ့ ဆုတောင်းပေးခြင်းနဲ့အဆုံးသတ်ပါတယ်။ အဲဒီဆုတောင်းမှာ၊ ကျွန်တော် ဒီနေ့အထိ နားကမထွက်နိုင်လောက်အောင် ရှင်းရှင်းကြီး မှတ်မိနေပါသေးတယ်၊ သူက ဘုရားသခင်ထံမှာ လင်နဲ့မယားနှစ်ယောက်လုံးကို ကောင်းချီးပေးဖို့၊ သူတို့ဟာ လင်နဲ့မယားသာမဟုတ်ပါ၊ မောင်နှမလဲ ဖြစ်ကြပါတယ်လို့ ဆုတောင်းခဲ့ပါတယ်။ အဲဒီစကားလုံးက ကျွန်တော့်ကို အတော်ဘဲ ခံစားစေပါတယ်၊ ဒါကြောင့် ဆရာဩဖော့(ဖ်)ရဲ့ တခြားဆုတောင်းစကားလုံးတွေကို သတိမရတော့ပါဘူး၊ အဆုံးသတ်မှာ ကျွန်တော် “အာမင်” လို့တောင် ပြောမိသလား မပြောမိသလား မမှတ်မိတော့ပါဘူး။ “မောင်နှမဖြစ်ခြင်း” ဒါဟာ ပင့်ရှိညာဉ်လင်မယားတွေရဲ့ ဝိညာဉ်ရေးရာဆက်နွယ်မှု ဖြစ်ပါတယ်။ အဲဒီ မောင်နှမဖြစ်ခြင်းဟာ အသင်းတော် ကောင်းကင် သစ်မြေကြီးသစ် ရောက်တဲ့အချိန်မှာ လင်မယားတွေကြားမှာ ထာဝရ ဆက်ရှိနေမဲ့ ဆက်ဆံရေးဖြစ်ပါတယ်။ အဲဒီအချိန်မှာ လင်မယားဖြစ်ခြင်း ပျောက်ကွယ်သွားပြီဖြစ်ပါတယ်။ မောင်နှမများအဖြစ်သာကျန်ပါတယ်။ ဒါကြောင့် မိသားစု၊ ပင့်ရှိညာဉ်မိသားစုဆိုတာဟာ ဘုရားသခင်ရဲ့ပင့်ရှိညာဉ်ကို ပုံဆောင်နေတဲ့ ပန်းချီကား တချပ်ပါဘဲ။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ပင့်ရှိညာဉ်ဆိုတာဟာ သူကိုယ်တိုင်နေထိုင်တော်မူတဲ့ ပင့်ရှိညာဉ်အသက်ရှင်မှုကို ဖေါ်ပြသော ဗျာဒိတ်တော်တရပ် ဖြစ်ပါတယ်။ သုံးပါးတဆူဖြစ်ခြင်းဩဝါဒဟာ အသက်မရှိတဲ့၊ အေးခဲနေတဲ့၊ လက်တွေ့မဆန်တဲ့၊ အူကြောင်ကြောင်သွန်သင်ချက် မဟုတ်ပါဘူး။ ကြီးမြတ်လှတဲ့ အမှန်တရားတခု ဖြစ်ပါတယ်။ ဘုရားသခင်ဟာ ပုဂ္ဂိုလ်အားဖြင့် သုံးယောက်-ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်-ဖြစ်ပြီးတော့၊ အနှစ်သာရအားဖြင့်တော့ တပါးထဲဘဲလို့ ပြောနေတာဖြစ်တယ်။ ပြည့်စုံသော မိသားစုဖြစ်ခြင်းအထဲမှာ နေထိုင်တော်မူတယ်။ အဲဒီ သူကိုယ်တိုင်အသက်ရှင်တော်မူတဲ့ ပင့်ရှိညာဉ် အသက်ရှင်ခြင်းကို ကျွန်တော်တို့ထံမှာ ပြောပြတော်မူတဲ့အခါ၊ အဲဒီပင့်ရှိညာဉ်နဲ့ ပတ်သက်နေတဲ့ အချက်အလက်တွေကိုသာ ပြောပြတာ မဟုတ်ပါဘူး၊ သူ့လူတွေကို အဲဒီပင့်ရှိညာဉ်အသက်ရှင်မှုထဲကို ဝင်ရောက် အသက်ရှင်စေတာ ဖြစ်ပါတယ်။ သူတို့ကို မိမိရဲ့ သားသမီးတွေအဖြစ် မွေးစားလိုက်ပါတယ်။ ဒါကြောင့် ပင့်ရှိညာဉ်မိသားစုဆိုတာ၊ ဘုရားသခင် မိမိကိုယ်တိုင် အသက်ရှင်တော်မူတဲ့ ပင့်ရှိညာဉ်၊ ကျွန်တော်တို့တွေ လက်ရှိတည်ရှိ

နေတဲ့ ဖွဲ့စည်းမှုတွေ ကုန်ဆုံးပြီး၊ ကောင်းကင်သစ်မြေကြီးသစ်ရောက်တဲ့အခါ၊ အပြည့်အစုံသိနားလည်လာမဲ့ ပဋိညာဉ်ကို ဖေါ်ပြနေသော ဖေါ်ပြချက်၊ ပန်းချီကားချပ်တခု ဖြစ်ပါတယ်။

ဒါကြောင့် ပဋိညာဉ်အိမ်ထောင်ရဲ့ သဘောသဘာဝ လက်တွေ့အသက်ရှင်မှု ဥပဒေသတွေလို့ ပြောလိုက်ရင်၊ အဲဒါဟာ ဘုရားသခင် မိမိလူတွေနဲ့ ဆက်ဆံတဲ့ ပုံစံအတိုင်း တည်ထောင်တဲ့ အိမ်ထောင်ကို ပြောနေတာ ဖြစ်တယ်လို့ နားလည်ရပါမယ်။

အဲဒီ ဘုရားသခင်ရဲ့မိသားစုမှာ၊ ဘုရားသခင်-သုံးပါးတဆူ-ဟာ သူ့လူတွေရဲ့ဖခင်ဖြစ်တော်မူတယ်။ ဖခင်ဖြစ်သော ဘုရားသခင်က သူတို့ကို အသစ်သောအသက်တာမှာ မွေးဖွားတော်မူတယ်၊ အသစ်ပြုပြင်ခြင်းလို့ခေါ်တဲ့ ဒုတိယမွေးဖွားခြင်းနဲ့ မွေးဖွားတာဖြစ်တယ်။ သူတို့ကို မွေးစားတာဖြစ်တယ်၊ အဲဒီလိုမွေးစားတဲ့ စာချုပ်စာတမ်းကို သူ့သားတော်ရဲ့လက်ဝါးကပ်တိုင်ပေါ်က အသွေးတော်နဲ့ရေးသားလျှက် လက်မှတ်ထိုးထားပါတယ်။ သူတို့ကို သူ့ရဲ့ဝိညာဉ်တော်နဲ့ သူ့ကလေးတွေဖြစ်အောင် သူတို့တွေရဲ့နှလုံးသားတွေထဲမှာ ပြုပြင်တော်မူတယ်၊ အဲဒါကြောင့် သူတို့ဟာ "အဗ္ဗ အဖ"လို့ ဘုရားသခင်ကို ခေါ်နိုင်ကြတယ်။ အဲဒါကို ရှင်ပေါလုက ဂလာတိ ၄း၆မှာပြောပြပါတယ်။

"အဖ"လို့ခေါ်နိုင်တာ ဘယ်လောက်အံ့သြစရာကောင်းလဲဆိုတာ ခင်ဗျားကို သိစေချင်ပါတယ်။ ဓမ္မဟောင်းကျမ်းစာတလျှောက်ကို ကြည့်ရင်၊ ခင်ဗျားလန့်သွားလိမ့်မယ်၊ အဲဒီစကားလုံးနဲ့ ဘုရားသခင်ကို ခေါ်ဆိုတာ ဘယ်မှာမှ မတွေ့ရပါဘူး။ ဓမ္မဟောင်းခေတ်တုန်းက ဝိညာဉ်တော်မလာသေးလို့ အဲဒီလိုခေါ်နိုင်ဖို့ ဖြစ်ကို မဖြစ်နိုင်ပါဘူး။ "သို့သော် အချိန်ကာလပြည့်စုံသောအခါ၊ ဘုရားသခင်သည် မိမိသားကိုစေလွှတ်တော်မူ၏။ မိန်းမအမျိုးအနွယ်၊ ပညတ်တော်အောက်၌ ဖွားမြင်သူအဖြစ် လာစေတော်မူသည်။ ပညတ်များအောက်၌ရောက်နေသူတို့ကို ကယ်တင်ရန်ဖြစ်သည်။"လို့ ရှင်ပေါလုက ပြောပါတယ်။ သခင်ခရစ်တော်က အဲဒီသူ့လူတွေထံမှာ သူ့ဝိညာဉ်တော်ကိုပေးလို့ ဘုရားသခင်ကို "အဗ္ဗအဖ"လို့ ခေါ်နိုင်ကြတာဖြစ် (ဂလာ ၄း၄-၆)။ သခင်ဘုရားက သူ့တပည့်တွေကို ဘုရားသခင်ထံမှာဆုတောင်းရင် "ကောင်းကင်ဘုံ၌ရှိတော်မူသောအဖ"လို့ ပြောပြီးတောင်းပါလို့ ပြောတဲ့အချိန်မှာ အတော်ကို အံ့သြသွားကြမှာဖြစ်တယ်။ သူတို့နားထဲ မိုးကြိုးပစ်ချလိုက်တယ်လို့တောင် ထင်ကြမှာဖြစ်တယ်။ ဘာလို့လဲဆိုတော့ အဲဒီလိုဆုတောင်းသံကို သူတို့တွေ ဘယ်တုန်းကမှ မကြားခဲ့ဘူးလို့ပါဘဲ။

အဲဒါကို ဘုရားသခင်ရဲ့မိသားစုလို့ခေါ်ပါတယ်။ အဲဒီ ဘုရားသခင်ရဲ့မိသားစုမှာ သခင်ယေရှုခရစ်တော်ဟာ သားဦးဖြစ်ပါတယ်။ အကိုအကြီးဆုံးပေါ့။ အဲဒီသားဦးအရာဆိုတဲ့အမှန်တရားရဲ့ နက်နဲမှုကို ဓမ္မဟောင်းကာလတလျှောက်မှာတွေ့ရပါတယ်၊ အချိန်မရလို့ ဒီနေရာမှာတော့ မဆွေးနွေးတော့ပါဘူး။ ဟေဗြဲလူမျိုးတွေမှာ သားဦးဖြစ်သူက ကျန်အငယ်တွေအားလုံးအပေါ်မှာ အုပ်ချုပ်ရပါတယ်။ အမွေကိုလည်း သူများထက် ၂ဆ ပိုရပါတယ်။ ပြီးတော့ ပဋိညာဉ်အမွေကို ဆက်ခံရမယ့်သူလည်း ဖြစ်ပါတယ်။ ခရစ်တော်ဟာ ဘုရားသခင်ရဲ့ မိသားစုမှာ သားဦးဖြစ်ပါတယ်။ ဘာဖြစ်လို့ သားဦးလို့ပြောရတာလဲဆိုရင် သူဟာ ကျွန်တော်တို့ အသွေးအသားနဲ့ ဘုရားသခင်ရဲ့ ထာဝရသား ဖြစ်နေလို့ပါဘဲ။ ဒါ့ကြောင့် သူဟာ သူ့ညီငယ်ညီမငယ်တွေ အတွက် တာဝန်ရှိတယ်၊ သူတို့ကို အုပ်စိုးရသူဖြစ်ပါတယ်။ သူဟာ ဘုရားသခင်ရဲ့မိသားစုအပေါ်မှာ သူ့ရဲ့ အစိုးရတော်မူသော တန်ခိုးတော်၊ ကျေးဇူးတော်နဲ့ အုပ်ချုပ်တော်မူပါတယ်။ ဘုရားသခင်ရဲ့ မိသားစုဝင်တွေ အားလုံးဟာ သခင်ခရစ်တော်အတွက်ကြောင့်သာ မိသားစုဝင်တွေ ဖြစ်လာကြတာဖြစ်တယ်။ သားဦးတယောက်အနေနဲ့ ကျန်အငယ်တွေရောက်လာဖို့ လမ်းဖွင့်ပေးသူ ဖြစ်ပါတယ်။ ခင်ဗျား၊ အရပ်စကားနဲ့ပြောချင်ရင်၊ သခင်ယေရှုဟာ ဘုရားသခင်ရဲ့ ရွေးကောက်တော်မူခြင်း ထာဝရအကြံအစည်တော်ဝမ်းကို ကျန်တဲ့ သူ့ညီ/ညီမတွေ ထွက်လာဖို့ ဖွင့်ပေးသူဖြစ်တယ်လို့ ပြောနိုင်ပါမယ်။

ဒါ့ထက်ပြောစရာတွေ ကျန်ပါသေးတယ်။ မိသားစုဟာ ပဋိညာဉ်မိသားစုဖြစ်ရပါမယ်။ ဘာလို့လဲဆိုတော့ ပဋိညာဉ်မိသားစုသာမှန်ရင် အဲဒီမိသားစုမှာ ရှင်သန်သော မိတ်သဟာယ၊ ချစ်ခြင်းမေတ္တာ၊ ဝမ်းမြောက်ခြင်း၊ အေးခြမ်းခြင်း အဲဒါတွေ ရှိနေမှာဖြစ်တယ်။

အဲဒီလို မိသားစုရဲ့မိတ်သဟာယကို အမြင့်ဆုံးအရှိန်နဲ့ တွေ့ရတဲ့နေရာကတော့ မိသားစုအတူတကွ ထမင်းစားချိန်ဘဲ ဖြစ်တယ်။ အဲဒီအချိန်ဟာ မိသားစု အတူတကွရှိတဲ့အချိန်၊ အတူတူ ဆုတောင်းလို့ရတဲ့အချိန်၊ အတူတူ စကားပြောတဲ့အချိန် ဖြစ်ပါတယ်။